

တပ်မတော် (လေ) တွင် ဒုတိယဗိုလ်မှ ဗိုလ်ချုပ်ကြီးအဆင့်ထိ ၃၇ နှစ် တာဝန်ထမ်းဆောင်ခဲ့ရာ တပ်မတော် (လေ) ၏ အခန်းကဏ္ဍကို ခေတ်နှင့်အညီ တိုးတက်စေရန် ပါဝင်ခဲ့ရသော၊ ဆောင်ရွက်ခဲ့ရသော ဖြစ်စဉ်များသည် ခေတ်၏ အခြေအနေအလိုက် စိန်ခေါ်မှုများ ဖြစ်ခဲ့သည်။

စိန်ခေါ်မှုများကြားမှပင် တပ်မတော် (လေ) ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့ပြီး၊ အိမ်နီးနားချင်းနိုင်ငံများ၏ တပ်မတော်အကြီးအကဲများ၊ နိုင်ငံတကာ တပ်မတော် အကြီးအကဲများနှင့် အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကိုလည်း တည်ဆောက်နိုင်ခဲ့သည်။



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ၊ စာပို့လုပ်ငန်းကဏ္ဍများကို အောက်ခြေသိမ်း ပြုပြင် ပြောင်းလဲရေးအတွက် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ခဲ့ရခြင်း၊ တယ်လီကွန်းကဏ္ဍ အပြောင်းအလဲ ဆောင်ရွက်ခဲ့ရခြင်းတို့သည် ပြည် ထောင် စု ဝန်ကြီး တာဝန် ထမ်းဆောင်ခဲ့ရသည့် နှစ်နှစ်ကျော်ကာလအတွင်း ကျော်ဖြတ်ခဲ့ရသော အခက်အခဲများ ဖြစ်သည်။ သို့သော် ထိုအခက်အခဲများကို ကောင်းမွန်စွာ ကျော်ဖြတ်နိုင်ခဲ့ခြင်းကြောင့် ပြည်သူအများ အကျိုး ဖြစ်ထွန်းခဲ့သကဲ့သို့ နိုင်ငံတကာ၏ အသိအမှတ်ပြုမှုလည်း ရရှိခဲ့သည်။

ပုံတွင် ဖော်ပြထားသည်မှာ ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း ရန်ကုန် စာတိုက်ကြီး၏ စာပို့လုပ်ငန်း ဆောင်ရွက်နေမှုများကို လေ့လာပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောနေပုံဖြစ်သည်။

# မာတိကာ


| | | |
|---|---|---|
| မိတ်ဆက်အမှာစာ | | ၇ |
| ၁ | အရပ်ဘက်သို့ | ၁၁ |
| ၂ | လေသူရဲတစ်ဦး | ၁၇ |
| ၃ | လေသူရဲဖြစ်ပြီ | ၂၇ |
| ၄ | ခပ်ကြမ်းကြမ်း ဘဝအစ | ၇၅ |
| ၅ | နိုင်ငံရပ်ခြားတွင် လေယာဉ်လွှဲပြောင်းသင်တန်း တက်ရောက်ခြင်း | ၈၉ |
| ၆ | စစ်ဘက်ဆိုင်ရာ တက္ကသိုလ်များတက်ရောက်ခြင်း | ၁၂၅ |
| ၇ | ရာထူးနှစ်ဆင့် တိုးခြင်း | ၁၄၁ |
| ၈ | ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်ခြင်း | ၁၅၃ |
| ၉ | မိဘများနှင့်အတူ | ၁၈၁ |
| ၁၀ | တပ်မတော် (လေ) အင်အားနှင့် ပြောင်းလဲတိုးတက်မှုများ | ၁၈၅ |
| ၁၁ | နိုင်ငံခြားချစ်ကြည်ရေးခရီးစဉ်များ | ၂၂၁ |
| ၁၂ | တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် ဝတ်စုံအသစ် | ၂၃၃ |
| ၁၃ | နဖူးတွေ့ဒူးတွေ့ ပြည်ထောင်စုဝန်ကြီးဘဝ | ၂၄၃ |
| ၁၄ | မတစ်ထောင်သား လုပ်ငန်းရှင်များ | ၂၇၇ |
| ၁၅ | ရတနာပုံတယ်လီပို့ | ၂၉၃ |
| ၁၆ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအခြေအနေ | ၃၀၁ |
| ၁၇ | အော်ပရေတာရွေးချယ်ခြင်း | ၃၄၁ |
| ၁၈ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အပြောင်းအလဲ | ၃၇၅ |
| နိဂုံး | | ၃၈၇ |
| စာရေးသူ၏ ကိုယ်ရေးအကျဉ်း | | ၃၉၉ |


# မိတ်ဆက်အမှာစာ

ကျွန်တော်သည် စာရေးဆရာတစ်ဦး မဟုတ်ပါ။ မိမိ ဖြတ်သန်းလာခဲ့ရသည့် အတွေ့အကြုံများကို အခြေခံ ရေးသားထားခြင်း ဖြစ်ပါသည်။

လူတိုင်း လူတိုင်းသည် ကိုယ့်သမိုင်းကိုယ်ရေးကြသော သမိုင်းဆရာများ ဖြစ်ကြသည်ဟုလည်း ဆိုကြပါသည်။ သမိုင်းဟူသည် အတိတ်ကအကြောင်းအရာ အဖြစ်အပျက်များကို လေ့လာမှတ်တမ်းတင်ခြင်းဟု နားလည်ပါသည်။ အတိတ်က အကြောင်းအရာ အဖြစ်အပျက်များကို မေ့ပျောက်၍ရနိုင်သော်လည်း ဖျောက်ဖျက်ပစ်၍ မရနိုင်ပါ။

ကျွန်တော်သည် သာမန်ဝန်ထမ်းမိသားစုမှ မွေးဖွားကြီးပြင်းလာသူ ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် မိမိစိတ်ဆန္ဒအရ ရွေးချယ်မှုဖြင့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇)တွင် တက်ရောက်ခွင့် ရခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် တပ်မတော်(လေ)တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံရပါသည်။ တပ်မတော်(လေ)တွင် တိုက်လေယာဉ်လေသူရဲအဖြစ် ဒုတိယဗိုလ်အဆင့်မှသည် ဗိုလ်ချုပ်ကြီးအဆင့် ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်အထိ ၃၇ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကာကွယ်ရေးဦးစီးချုပ် (လေ) တာဝန်ကို ၁၁ နှစ်နီးပါး ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန်ကို နှစ်နှစ်ခွဲခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဤစာအုပ်တွင် တပ်မတော်(လေ) လေသူရဲအရာရှိဘဝ လှုပ်ရှားကျင်လည်ခဲ့ရသည့် အတွေ့အကြုံများ၊ တပ်မှူးဘဝတွင် ပျံသန်းရေးသာမက စီမံရေး၊ အုပ်ချုပ်ရေး အတွေ့အကြုံများကို ထည့်သွင်းရေးသားထားပါသည်။ ကာကွယ်ရေးဦးစီးချုပ် (လေ) တာဝန်ထမ်းဆောင်ရသည့် အချိန်တွင်လည်း တပ်မတော်(လေ) အဆင့်အတန်း မြင့်မားစေရေး၊ အရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးတို့အတွက် လေ့လာ၊ စဉ်းစား၊ တိုင်ပင်ကာ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲတို့၏ လမ်းညွှန်မှု၊ ပံ့ပိုးမှု၊ မိမိတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ၏ တက်တက်ကြွကြွ အားထုတ်ကြိုးပမ်းမှုနှင့် ခေတ်အဆက်ဆက်က တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိ၊ စစ်သည်များ၏ ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေများကြောင့်လည်း များစွာ အထောက်အကူဖြစ်ပါသည်။



သို့ရာတွင် အားနည်းချက်၊ လိုအပ်ချက်များလည်း ရှိနိုင်ပါသည်။ ခေတ်သစ်စစ်ပွဲများတွင် လေကြောင်းစိုးမိုးမှု၊ လေကြောင်းအရေးသာမှု ရရှိရန်၊ လေကြောင်းစွမ်းအား ကောင်းမွန်ထက်မြက်စေရန် ဆောင်ရွက်ရပါမည်။ လေကြောင်းစွမ်းအားထက်မြက်ရန် လေယာဉ်၊ ရဟတ်ယာဉ်များ ရှိရုံမျှနှင့် မပြည့်စုံပါ။ လေယာဉ်၊ ရဟတ်ယာဉ် တစ်စီး ရည်မှန်းချက်တာဝန်ကို အောင်မြင်စွာ ပျံသန်းဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့ ဖြည့်ဆည်းပေးရသော လုပ်ငန်းများစွာရှိပါသည်။ လေယာဉ်၊ ရဟတ်ယာဉ်များအား ပြုပြင်ထိန်းသိမ်းခြင်းအပြင် ပျံသန်းရေးအတွက် အထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်မှု၊ လူ့စွမ်းအား အရင်းအမြစ် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှု စသည်တို့ကို စဉ်ဆက်မပြတ်ရရှိနိုင်ရေး စီမံဆောင်ရွက်နိုင်မှုကလည်း အဓိကကျပါသည်။

ပြည်ထောင်စုဝန်ကြီးတာဝန် ထမ်းဆောင်ရာတွင်လည်း ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဖြင့် စတင်တည်ဆောက်သည့် ကာလဖြစ်သည့်အားလျော်စွာ ပြောင်းလဲကျင့်သုံးလာသည့် မူဝါဒ၊ စနစ်များနှင့် အံဝင်အောင် ကြိုးပမ်းဆောင်ရွက်ရပါသည်။ ကောင်းမွန်သည့်အုပ်ချုပ်မှု၊ သန့်ရှင်းသည့်အစိုးရ ဖြစ်စေရန် ရည်မှန်းချက် ချမှတ် ဆောင်ရွက်နေချိန်လည်း ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေနှင့်လည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန် ဖြစ်ပါသည်။ ဈေးကြီးပြီး လူနည်းစုသာ ဝယ်ယူသုံးစွဲနိုင်သော မိုဘိုင်းဖုန်းများကို ဈေးနှုန်းသက်သာ၍ အရည်အသွေးကောင်းမွန်ပြီး သုံးစွဲသူစိတ်ကြိုက် ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရန် တည်ဆောက်နေသည့် ကာလလည်းဖြစ်သည်။ ပြောင်းလဲကျင့်သုံးသည့် မူဝါဒ၊ စနစ်များကြောင့် စိန်ခေါ်မှုအခက်အခဲများရှိသော်လည်း ဝန်ထမ်းအားလုံး၏ ကြိုးပမ်းအားထုတ်မှုကြောင့် နှစ်နှစ်တာကာလအတွင်း မိုဘိုင်းဖုန်းသုံးစွဲနိုင်သူ တိုးတက်များပြားလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် လူထု၏ယုံကြည်မှု လျော့နည်းနေသည့် မြန်မာ့စာတိုက်လုပ်ငန်း ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အစပျိုး လမ်းခင်း ပေးနိုင်ခဲ့ပါသည်။ ရာနှုန်းပြည့် တိုးတက်ကောင်းမွန်သည်ဟု မဆိုလိုပါ။ အားနည်းချက်၊ လိုအပ်ချက်များ ရှိနိုင်ပါသေးသည်။

မိသားစုဘဝနှင့်ပတ်သက်၍ မိမိငယ်စဉ်ဘဝမှစတင်ကာ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သော ကျေးဇူးရှင် မိဘအုပ်ထိန်းသူများ အသက်အရွယ်ကြီးရင့်လာသည့်အချိန်တွင် မိမိက ပြန်လည်ပြုစုစောင့်ရှောက်ခွင့်ရပြီး ကုသိုလ်ပြုနိုင်သည်မှာလည်း မေ့၍မရသော ဘဝမှတ်တမ်းတစ်ခုဖြစ်ပါသည်။ ထို့ပြင် မိမိက လုပ်ငန်းတာဝန်များအတွက် အချိန်ပေးနေရသဖြင့် မိသားစုကိစ္စရပ်များတွင် အပြည့်အဝ မဆောင်ရွက်နိုင်သည်ကို နားလည်ပေးပြီး မိသားစုကိစ္စ အဝဝသာမက ကျွန်တော်၏ မိဘအုပ်ထိန်းသူများအား စေတနာအပြည့်ဖြင့် ကူညီစောင့်ရှောက်ပေးသော ဇနီးသည် ဒေါ်ထွေးထွေးညွန့်အကြောင်းကိုလည်း ချန်ထား၍မရပါ။



လုပ်ငန်းတာဝန်များမှ အနားယူပြီးသည့်နောက် မိမိ၏ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေ သူငယ်ချင်းများ၊ တပည့်များ စသည်တို့နှင့် တွေ့ဆုံကြသည့်အခါ ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုကြသည်။ ရှေးဟောင်းနှောင်းဖြစ် ဆိုသည့်အတိုင်း အတိတ်က အကြောင်းအရာများသာ ပြောဖြစ်ကြသည်က များသည်။ ပြောဆိုရင်းနှင့် တချို့သောပုဂ္ဂိုလ်များက ကျွန်တော့်ဘဝ အတွေ့အကြုံများကို စာအုပ်ရေးသားထုတ်ဝေရန် အကြံပြု တိုက်တွန်းကြသည်။ ကျွန်တော့်အနေဖြင့် ရေးရမည်ကို တွန့်ဆုတ်နေမိသည်။ ပထမအချက်မှာ မည်သို့မည်ပုံ ရေးရမည်ကို သေချာမသိ၍ဖြစ်သည်။ ဒုတိယအချက်မှာ ကိုယ့်အကြောင်း ကိုယ်ရေးရမည်ဖြစ်သဖြင့် ကိုယ့်ဂုဏ်ကိုယ်ဖော်သလို ကိုယ်ရည်သွေးသလို ဖြစ်မည်ကိုလည်း စိုးရိမ်မိသည်။ ရေးတတ်သလို ရေးလိုက်ပါ၊ လိုတာလေးတွေရှိရင် ပြင်ပေးမှာပေါ့ စသည်ဖြင့် ပြောဆိုအားပေးသူများလည်း ရှိပါသည်။

ထို့ကြောင့်လည်း ဤဘဝအတွေ့အကြုံ မှတ်တမ်းစာအုပ် ရေးဖြစ်ပါသည်။ ဤမှတ်တမ်းစာအုပ်သည် ကျွန်တော်တို့၏ သားစဉ်မြေးဆက်၊ ဆွေစဉ်မျိုးဆက်အတွက်လည်း အမှတ်တရ မှတ်တမ်းအဖြစ် တည်ရှိစေမည် ဖြစ်ပါသည်။

စာအုပ်တွင် မိမိဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ၊ လေ့လာမှတ်သားခဲ့ရသည့် ဗဟုသုတများကို စိတ်ပါဝင်စားသည့် စာဖတ်ပရိသတ်များ ဖတ်ရှုလေ့လာနိုင်ရန် မျှဝေရေးသားထားပါသည်။ မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေလိုသော သဘောထားမရှိပါ။ သို့သော် အချို့သောဖြစ်စဉ်များကို ပေါ်လွင်အောင် ဖော်ပြရာတွင် ခြွင်းချန်၍ မသင့်သော အချက်အလက် အကြောင်းအရာများကိုမူ ချင့်ချိန် တင်ပြထားပါသည်။ မှတ်သားမှုအားနည်းခြင်း၊ အထောက်အထား မပြည့်စုံခြင်းတို့ကြောင့် တချို့သော အကြောင်းအရာဖော်ပြချက်များ အတိမ်းအစောင်းရှိခဲ့ပါက စာရေးသူ၏ လိုအပ်ချက်သာ ဖြစ်ပါသည်။

မြတ်ဟိန်း

